၈၁

# ပြည်တန်တဲ့ပတ္တမြား ရလိုသလား?

ထက်အောက် မြန်မာပြည်တဝှမ်းလုံး၌၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသောဂုဏ်တို့နှင့်မွေးထုံသင်းမြန့်ရန့် ကိတ္တိကျော်စောခြင်း ရှိတော်မူပေသော ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော် ဘုရားကြီး ချီးမြှင့်ပေးသနားတော်မူသော နည်းနာ နိဿယ အတိုင်း၊ လိုက်နာကျင့်ကြံအားထုတ်ပါက၊ ယောဂီ – သင် အလိုရှိသော .... ....
"ပြည်တန်တဲ့ပတ္တမြား" ကို မုချရရှိပေလိမ့်မည်။

.၃၆၄
ခ

**မသိသူကျော်သွား- သိသူဖေါ်စား**

သဲအင်း–ဦးကဝိဓဇ အရှင်သူမြတ်စီစဉ်ရေးသားသည်။

၁၃၃၁–ခု၊ [၁၉၇၀–ခု]

# ပြည့်တန်တဲ့ ပတ္တမြား ရရှိသလား ?

ဆက်ခအောက် မြန်မာပြည်တဝှမ်းလုံး၌၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်တို့နှင့် မွှေးထုံ သင်းပြန့်ရန့် ကိတ္တိကျော်စောခြင်း ရှိတော်မူပေသော ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော် ဘုရားကြီး ချီးမြှင့် ပေးသနားတော်မူသော နည်းနာ နိဿယ အကျင်း၊ လိုက်နာကျင့်ကြံ အားထုတ် ပါက၊ ယောဂီ-သင် အလိုရှိသော "ပြည်တန်တဲ့ပတ္တမြား"ကို မုချရရှိပေလိမ့်မည်။

**မသိသူကျော်သွား - သိသူဖေါ်စား**

သဲအင်း-ဦးကဝိဇ အရှင်သူမြတ်စီစဉ်ရေးသားသည်။
၁၃၃၁–ခု၊ [၁၉၇၀–ခု]

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်

အမှတ်(၃၈၃၂)

ပဉ္စမအကြိမ်-ရိုက်နှိပ်ခြင်း။

အုပ်ရေ—၃၀၀၀။

၁၉၇၀-ခု၊ မတ်လ။

၁၃၃၁-ခု၊ တပို့တွဲလ။

ပုံနှိပ်ထုတ်ဝေသူ ပွင့်လင်းစာပေ၊နဝဒေးပုံနှိပ်တိုက်၊
၁၃၊နတ်စင်လမ်း၊ကျောက်မြောင်း၊ရန်ကုန်။
ဦးမြင့်သိန်း၊ (၀၂၅၈-၀၁၅၀)က ပုံနှိပ်ထုတ်ဝေသည်။

(ဖုံး-၅၁၂၈၉)။



မှော်ဘီခရိုင်၊ မှော်ဘီမြို့၊ နှောကုန်းဂါမ
သဲအင်းဂူမဟာဝိဟာရ၏၊ ပဓါန နာယက၊
ကမ္မဋ္ဌာနစရိယ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပဋိပတ္တိ
ဝိသာရဒ၊ ဝိနယဓိကဂရုက၊ သီလဝန်၊ ဝိပဿနာပညာဝန်၊
ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော
ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌ ပုံ။

"တရားထူးရလိုသော်၊ ဓမ္မာရတနာပန်းခိုင်၊
ပြည်တန်တဲ့ ပတ္တမြား ရလိုသလား"
တရားစာစောင်များ ရေးသားပြုစုသော



မှော်ဘီမြို့နယ်၊ နှောကုန်းရွာ၊ သဲအင်းဂူကျောင်းတိုက်၊
ဓမ္မပါလ ကျောင်း၌၊ သီတင်းသုံးနေထိုင်သော
သဲအင်း-ဦးကဝိဓဇ အရှင်သူမြတ်ပုံ။

# တင်ရှိဘူးသော ဂုဏ်ကျေးဇူးတို့ကို
# အထူးချေဆပ်ခြင်း

(က) လောကီနယ်အတွင်း၊ အကျွန်ုပ်အား၊ လူတလုံး-သူတလုံး ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသော(ဘဝတပါးသို့ ပြောင်းသွားလေကြပြီးသော) အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဘခမည်းတော် မှန်ကင်းကျောင်းကြီး ဒါယကာကြီး ဝန်ထောက်မင်း ဦးဝင်းနှင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မယ်တော်ကြီး မှန်ကင်းကျောင်းကြီး ဒါယိကာမကြီး မင်းကတော်ကြီး ဒေါ်မိမိမြတို့၏ နှိုင်းယှဉ်မမှီ လေလီအဏ္ဏဝါ သီတာမြင့်မိုရ် ထိုထိုမက များလှစွာသော ဂုဏ်ကျေးဇူးအပေါင်းတို့ကို သားကြီးဖြစ်သူ ကဝိဇေ (ယခင် ဦးနန်းညွန့်)က အစဉ်သတိရရှိ အောက်မေ့မိလျက်—

(ခ) လောကုတ္တရာနယ်အတွင်း၊ အကျွန်ုပ်အား၊ နိဗ္ဗာန်တိုင်အောင်"ဒုံးပျံ"နှင့် ကယ်တင်ပို့ဆောင်ပေးလျက်ရှိနေပါသော အနန္တဂိုဏ်းဝင် ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး၏ နှိုင်းယှဉ်မမှီ လေးလီအဏ္ဏဝါ သီတာမြင့်မိုရ် ထိုထိုမက လွန်ကြီးမားလှသော ဂုဏ်ကျေးဇူးအပေါင်းတို့ကို တပည့်ကြီးဖြစ်သူ ကဝိဇေ(ယခင် ဦးနန်းညွန့်)ကအစဉ်သတိရရှိ အောက်မေ့မိလျက်

တင်ရှိပေဘူးသော ဂုဏ်ကျေးဇူးတွေကို အထူးချေဆပ်ရန်မှာ ဤသည့်(ပြည်တန်တဲ့ပတ္တမြားရလိုသလား) စာတန်း ဓမ္မရတနာပန်းဖြင့် ကာယဝစီ မနောချီလျက် နိဗ္ဗာန်ပူရီ မြတ်ရွှေပြည်သို့ ဖြောင့်တန်းရည်မြှော် တပည့်တော်သည် ညွှတ်တွားဝန္ဒနာချီသော စာဖြင့် သဒ္ဓါဖြိုးဖြိုး လက်စုံမိုး၍ ရှိခိုးပူဇော်လိုက်ပါသတည်း။

သဲအင်း- ဦးကဝိဇေ(ဓါတ်ကောင်)

# နိဒါန်း ဿ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော။

ဧတေသံ အနန္တဂုဏသမ္ပန္နံ၊ အာဒရေန နမာမဟံ။

မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ နှောကုန်းကျေးရွာ၊ သဲအင်းဂူ ကျောင်းတိုက်ကြီး၌ ၁၃၃၁ ခု၊ ပဉ္စမဝါဆိုလပြည့်နေ့မှစ၍ ၁၃၃၁ ခု၊ သီတင်းကျွတ်လပြည့်နေ့တိုင်၊ ဝဿန္တ မိုးသုံးလတာ လေးလတို့ ကာလပတ်လုံး မကြုံစဖူး ထူးကဲစွာ ယာယီကမ္မဋ္ဌာန်း ဂူကျောင်းများ ပြည့်နှက်လျက် "အဓိဋ္ဌာန် စခန်းကြီး" တခုကို သဲအင်းဂူဆရာတော်ဘုရားကြီးကိုယ်တော်တိုင်စည်ကားသိုက်မြိုက် အောင်မြင်စွာ ဖွင့်လှစ်ပြီးလျှင် အမြို့မြို့အရွာရွာမှလာရောက်ကြ သောသံဃာတော်အရှင်မြတ်များ၊ သီလရှင်များ၊ လူယောကျ်ား ယောဂီ မိန်းမယောဂီ မြောက်များစွာတို့အား ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော် ဘုရားကြီးသည်၊ မိမိ ကိုယ်တိုင် ပင်ပန်း သည်ကို ပဓာနမထားဘဲ၊ နေ့မအား၊ ညဉ့်မအား၊ နေ့မနား၊ ညဉ့်မနား၊ ကြီးမားလှသော ဂရုဏာတော်ဖြင့် ဒိဋ္ဌိသတ်တရား၊ တဏှာသတ်တရား၊ ဓါတ်လက္ခဏာ၊ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ

အသုဘလက္ခဏာ အစရှိသော၊ နိယျာနိကာ၊ သုံးပါးသော ဝဋ်မှ ထုတ်၍ နိဗ္ဗာန်တိုင် ဆောင်နိုင်သော၊ သတိပဋ္ဌာန်တရား လေးပါးတို့တွင်၊ ကာယနုပဿနာ သတိပဋ္ဌာန် သိဝထိကာမနသိကာရ ပဗ္ဗ၌လာရှိသော၊ အသုဘကမ္မဋ္ဌာန်းကို အဓိကထား၍ ပွားများပုံ ပွားများနည်း၊ နှလုံးသွင်းပုံ သွင်းနည်း၊ လက်တွေ့နိသျှည်း၊ အမြင်ပြနည်းတွေကို လက်ဆုပ်လက်ကိုင် ပြသ တင်ပေးနေရာ၊ လွန်စွာ မှတ်သားဘွယ် ကောင်းလှပါပေသည်။ ၎င်းအသုဘကမ္မဋ္ဌာန်းတရားသည်၊ မိမိ ကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ ဆောင်ထိုက်သော၊ ဩပနေယျိကဂုဏ်နှင့်ပြည့်စုံ၍၊ လွန်စွာမှ အကျိုးကျေးဇူးကြီးမားလှပါပေသည်။ အဘယ်ဆိုသော် သံဃာတော် အရှင်မြတ်များ၊ သီလရှင်များ၊ လူယောကျ်ားယောဂီ၊ မိန်းမယောဂီ အများပင် လက်ဝါးပေါ် ပတ္တမြား တင်ဘိသကဲ့သို့ ထင်ထင်ရှားရှားသာလျှင် တရားထူးတရားမြတ်တွေကို တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ စသည်အားဖြင့် မိမိတို့ ပါရမီအလျောက် အသီးသီး သိကုန်, မြင်ကုန်, ရကုန်ကြသည်မှာ အားရဘွယ်, အားကျဘွယ်, ချီးကျူးဘွယ် တရပ်ဖြစ်ပါပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ယောဖေါ် ညွှန်ကြား ပြသသည့် တရားဒေသနာများအနက်၊ မိမိမှတ်သားမိသမျှ၊ ကိုယ်တိုင်သိရှိထားသမျှ၊ လိုရင်းအနှစ်အသားများကို ထုတ်နှုတ်လျက်၊ မိမိ ကိုယ်ကျိုးမဖက် ယောဂါဝစရပုဂ္ဂိုလ်များ၏ အကျိုးသက်သက် ဆရာတော်ဘုရားကြီး၏ အား

မေး တိုက်တွန်းချက်ဖြင့် (ပြည်တန်တဲ့ ပတ္တမြား ရလိုသလား) အမည်ဖြင့် ဆရာတော်ဘုရားကြီး ဟောကြားပုံ-ဟောကြားနည်းအတိုင်း၊ မိမိကိုယ်တိုင် စီစဉ်ရေးသားအပ်ပြုလိုက်ပါသတည်း။

ထိုသို့ ရေးသားကာပြုရာ၌၊ ခမ္မမာ မေ ကာလျှာ အရွယ်ဝင်ပညာ ရှိ သူတော်စင်တို့သည်၊ လိုသည်ထင်သည့် အချက်များကို ဖြည့်စွက်လျက်၊ ပိုသည်ထင်သည့် အချက်များကို ထုတ်နှုတ် ပြင်ဆင်လျက် ဖတ်ရှုကြပါရန် တောင်းပန်အပ်ပါသည်။

ထိုပြင်တဝ ဤဘုရား စာစောင်ကို ကောင်း သည် ထက် ကောင်းအောင် စိတ်ကောင်း စေတနာကောင်းဖြင့် အကြံဉာဏ်များပေးပါက၊ ဝမ်းမြောက်စွာနှင့် လက်ခံရန် အဆင်သင့်ရှိပါကြောင်း သိစေအပ်ပါသည်။ အထူးသဖြင့် တရားအမိဋ္ဌာန်ဝင်သူ ရဟန်းရှင်လူ အပေါင်းအား၊ အသုဘလက္ခဏာ သဘောတရားများကိုရင်း၊ အသိမကင်းကြရန် သတိပေးစကားများကိုရင်း၊ စိတ်အားမလျော့ရန် အားပေး စကားများကိုရင်း၊ ကိုယ်ရောစိတ်ပါ ထက်သန်စွာနှင့် မပြတ်မလပ်ပြောပေးလျက်၊ ဆရာတော်ဘုရားကြီးအား ကူညီဆောင်ရွက်နေကြသူများဖြစ်သော—

(က) ဦးဝိမလ အရှင်သူမြတ် (မုဒုံမြို့နယ်၊ ကင်းချောင်းရွာဇာတိ)။

(ခ) ဦးနန္ဒိယ အရှင်သူမြတ် (ချောင်းဆုံမြို့နယ်၊ မူရစ်ကလေးရွာဇာတိ)။

(ဂ) သီလရှင် စန္ဒထေရီ(၆ ထပ်ကြီး)

(ဃ) သီလရှင် စန္ဒသိင်္ဂီ(ညောင်တုံး)

တို့အား၊ အထူး ကျေးဇူးတင်ဘွယ်တရပ် ဖြစ်ပါကြောင်း မှတ်တမ်းတင်လိုက်ရပါသတည်း။

သဲအင်း–ဦးကဝိဓဇ။

(ယခင်-ဦးနန်းညွန့်)

ဗုဒ္ဓသာသနာ့-အကျိုးတော်ဆောင်

မမွပါလကျောင်း

သဲအင်းဂူကျောင်းတိုက်

မော်ဘီမြို့။

၁၃၃၁ ခု၊ သီတင်းကျွတ်လပြည့် နေ့။

၁၉၆၉ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လာရောက်ကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေကို နားလည်လွယ်အောင်၊ သဘောပေါက်လွယ်အောင် ဘာသာစကားနှင့်ပြောဟောမယ်၊ ဒါပေမဲ့ စာအုပ်ကြီးထဲက စကားမဟုတ်ဘူး၊ ခန္ဓာညက်ရောက်တဲ့ စကားတွေဘဲ၊ ဒီစကားတွေက နိဗ္ဗာန်တိုင်အောင်အကျိုးပေးနိုင်သဖြင့် အဓိကစကားတွေဘဲ၊ ဒါကြောင့် ကောင်းစွာ နှလုံးသွင်း၍ နာယူမှတ်သားကြ။

“တလိမ် နှစ်လိမ် ပွေကာ ရှုပ်တယ်....အမယ်
ဘုတ်ရဲ့ သူ့ချည်ခင်၊ ဒီချည်ခင် ဘယ်သူလာ
လို့ ရှင်းပမယ်....”

လို့ ပညာရှိက ထွက်ထားတယ်။ ဘာတွေလိမ်နေသလဲ၊ ဘာတွေ ရှုပ်နေသလဲ၊ ဒီလိုလိမ်နေ၊ ရှုပ်နေတာ ဘာနဲ့ရှင်းမလဲ။

(၁) မျက်စိကလဲ အမြင်အပေါ်မှာ ကိလေသာဆိုတဲ့ တရားတွေ လိမ်ရှုပ်နေတယ်။

(၂) နားကလဲ ကြားတဲ့အပေါ်မှာ ကိလေသာဆိုတဲ့ တရားတွေ လိမ်ရှုပ်နေတယ်။

(၃) နှာခေါင်းကလဲ နံတဲ့အပေါ်မှာ ကိလေသာဆိုတဲ့ တရားတွေ လိမ်ရှုပ်နေတယ်။

(၄) ပါးစပ်ကလဲ စားတဲ့အပေါ်မှာ ကိလေသာဆိုတဲ့ တရားတွေ လိမ်ရှုပ်နေတယ်။

(၅) ကိုယ်ကလဲ ထိတဲ့အပေါ်မှာကိလေသာဆိုတဲ့တရား တွေ လိမ်ရှုပ်နေတယ်။

(၆) မနောကလဲ သိတဲ့အပေါ်မှာ ကိလေသာဆိုတဲ့ တရားတွေ လိမ်ရှုပ်နေတယ်။

ကိလေသာဆိုတဲ့ တရားတွေ လိမ်ရှုပ်နေတာ ဘယ်ပုံဘယ်နည်း ရှင်းရမလဲ။

(၁) မြင်တဲ့အပေါ်မှာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါးနှင့်ရှင်းပါမှ ရှင်းတော့မှာဘဲ။

(၂) ကြားတဲ့အပေါ်မှာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါးနှင့် ရှင်းပါမှ ရှင်းတော့မှာဘဲ။

(၃) နံတဲ့အပေါ်မှာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါးနှင့် ရှင်းပါမှ ရှင်းတော့မှာဘဲ။

(၄) စားတဲ့အပေါ်မှာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါးနှင့် ရှင်းပါမှ ရှင်းတော့မှာဘဲ။

(၅) ထိတဲ့အပေါ်မှာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါးနှင့် ရှင်းပါမှ ရှင်းတော့မှာဘဲ။

(၆) သိတဲ့အပေါ်မှာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါးနှင့် ရှင်းပါမှ ရှင်းတော့မှာဘဲ။

မှတ်ချက်—(က) ရုပ်လက္ခဏာ၊
(ခ) နာမ်လက္ခဏာ၊
(ဂ) အသုဘလက္ခဏာဆိုတဲ့ သဘာဝလက္ခဏာ ၃ ပါးကို သဘောပေါက်သွားဘို့လိုတယ်။

## (က) ရုပ်ဓမ္မ၏သဘာဝလက္ခဏာ သဘောတရားတွေ

(၁) မျက်စိကမြင်လိုက်တဲ့အခါ၊ အဆင်းကလဲပြောင်းလဲတဲ့သဘော၊ မျက်စိကလဲမြင်တလှည့်၊ မမြင်တလှည့် ပြောင်းလဲတဲ့သဘော။

(၂) နားကအသံတချို့ကြားလိုက်တဲ့အခါ၊ အသံကလဲပြောင်းလဲတဲ့သဘော၊ နားကလဲကြားတလှည့်မကြားတလှည့် ပြောင်းလဲတဲ့သဘော။

(၃) နှာခေါင်းက အနံ့တခု နံလိုက်တဲ့အခါ၊ အနံ့ကလဲ ပြောင်းလဲတဲ့သဘော၊ နှာခေါင်းကလဲ နံတလှည့်၊ မနံတလှည့် ပြောင်းလဲတဲ့သဘော။

(၄) ပါးစပ်ကလဲ စားလိုက်တဲ့အခါ၊ ရသာကလဲ ငံတာ ချိုတာ၊ ချဉ်တာ စသည်ဖြင့် ပြောင်းလဲတဲ့သဘော၊ ပါးစပ်ကလဲ ငံတာတလှည့်၊ ချိုတာတလှည့်၊ ချဉ်တာတလှည့် စသည်ဖြင့် ပြောင်းလဲတဲ့သဘော။

(၅) ကိုယ်က အတွေ့တခုကို ထိသိုက်တဲ့အခါ၊ အတွေ့ကလဲ ပြောင်းလွဲတဲ့သဘော၊ ကိုယ်ကလဲ ပြောင်းလွဲတဲ့ သဘော။

(၆) မနောနှင့်ဓမ္မ ပေါင်းဆုံ လိုက်တဲ့ အခါ၊ ဓမ္မကလဲ ပြောင်းလွဲတဲ့သဘော၊ မနောကလဲ ပြောင်းလွဲနေတဲ့ သဘော။ ဒါတွေကရုပ်ဓမ္မ၏ ဘာဝလက္ခဏာတွေ ပါဘဲ။

(ခ) နာမ်ဓမ္မ၏ သဘာဝလက္ခဏာသဘောတရား က ရုပ် ပြောင်းလွဲတိုင်း ပြောင်းလွဲတိုင်း လိုက်လိုက်ပြီး ညွှတ်တဲ့သဘော ပါဘဲ။

(ဂ) အသုဘ၏ သဘာဝလက္ခဏာသဘောတရားတွေ က ပုပ်ရမဲ့သဘော၊ ပွရမဲ့ သဘော၊ ဖေါင်းကားလာရမဲ့ သဘော၊ ဖူးယူးရောင်ရမဲ့သဘော၊ အက်ကွဲရမဲ့ သဘော၊ ယိုကျ၊ ရော်ကျ ပဲ့ကျရမဲ့ သဘော၊ ရေမြှုပ်ရေစိုင်ခဲများ ဆူပွက်နေသလို သွေး ပုပ် ပြည်ပုပ်တွေ ဒွါရကိုးပေါက်မှ ယိုစီးထွက်ကျရမဲ့ သဘော၊ ပိုးလောက်တွေ တဖြုတ်ဖြုတ်နဲ့ စားရမဲ့ သဘော၊ သွေးအလိမ်း လိမ်းနဲ့ အူတွေ၊ အသားတွေ၊ အကြောတွေ၊ အရိုးအဆစ်တွေ ပဲ့ကျရမဲ့ သဘော၊ မီးတွေ၊ လောင်ကျွမ်းခံရသလို မဲခြောက်ရမဲ့ သဘော၊ ဖရိုဖရဲ ကြဲနေတဲ့ အရိုးချည်းသာ ကျန်နေရမဲ့သဘော ပျက်စီးယိုယွင်းရမဲ့ သဘောတရားတွေပါဘဲ။

(ဃ) ရုပ်ဓမ္မ၏သာမညလက္ခဏာကတော့ ဖေါက်ပြန်နေတဲ့ သဘောပါဘဲ။

(င) နာမ်ဓမ္မ၏သာမညလက္ခဏာကတော့ ရုပ် ပေါက် ပြန်ရာမှာ လိုက်ညွတ်ပြီး ခံစားတဲ့သဘော၊ ဒုက္ခ-သုခ ခံစားတဲ့ သဘောပါဘဲ။

(စ) အသုဘ၏သာမညလက္ခဏာကတော့ ပုပ်ပွ၊ဆွေးမြည့်လှသဖြင့် အရိုးတွေဖြူရာမှမဲသွား၊ အဆစ်ကွေ့ပဲ့ကျ၊ နောက်ဆုံးမှာတော့ အမှုန့်ဖြစ်သွားတဲ့ သဘောပါဘဲ။ ရုပ်သဘာဝလက္ခဏာ၊ နာမ်သဘာဝလက္ခဏာ၊ အသုဘသဘာဝလက္ခဏာများအပြင်—

(ဆ) သဘာဝဓါတ်လက္ခဏာ ကိုလဲ သဘောပေါက်ကြရမယ်။

အကြောင်းအားလျော်စွာ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း=

(၁) မျက်စိပေါက်ကလဲ ပစ္စုပ္ပန်၊ ရေပွက်ပမာ ပေါ်ပေါ်ပြပြီး ချုပ်သွားတာ သဘာဝဓါတ်လက္ခဏာ။

(၂) နားပေါက်ကလဲ ပစ္စုပ္ပန်၊ ရေပွက်ပမာ ပေါ်ပေါ်ပြပြီး ချုပ်သွားတာ သဘာဝဓါတ်လက္ခဏာ။

(၃) နှာခေါင်းပေါက်ကလဲ ပစ္စုပ္ပန်၊ ရေပွက်ပမာ ပေါ်ပေါ်ပြပြီး ချုပ်သွားတာ သဘာဝဓါတ်လက္ခဏာ။

(၄) ပါးစပ်ပေါက်ကလဲ ပစ္စုပ္ပန်၊ ရေပွက်ပမာ ပေါ်ပေါ်ပြပြီး ချုပ်သွားတာ သဘာဝဓါတ်လက္ခဏာ။

(၅) ကိုယ်ပေါက်ကလဲ ပစ္စုပ္ပန်၊ ရေပွက်ပမာ ပေါ်ပေါ်ပြပြီး ချုပ်သွားတာ သဘာဝဓါတ်လက္ခဏာ။

(၆) မနောပေါက်ကလဲ ပစ္စုပ္ပန်၊ ရေပွက်ပမာ ပေါ်ပေါ်ပြပြီး ချုပ်သွားတာ သဘာဝဓါတ်လက္ခဏာ။

အသုဘာရုပ်ပေါ်က ပုပ်တာ၊ ပွတာ၊ ရောင်တာ၊ ဖေါင်းတာ စသည်ဖြင့် ပေါ်ပြတဲ့ သဘောတွေကလဲ ဓါတ်ပါဘဲ။

(၁) မျက်စိက မြင်တာက သဘာဝဓါတ်၊ အဆင်းကလဲ သဘာဝဓါတ်။

(၂) နားက ကြားတာက သဘာဝဓါတ်၊ အသံကလဲ သဘာဝဓါတ်။

(၃) နှာခေါင်းက နံတာက သဘာဝဓါတ်၊ အနံ့ကလဲ သဘာဝဓါတ်။

(၄) ပါးစပ်က စားတာက သဘာဝဓါတ်၊ ရသာကလဲ သဘာဝဓါတ်။

(၅) ကိုယ်က ထိလိုက်တာက သဘာဝဓါတ်၊ အတွေ့ကလဲ သဘာဝဓါတ်။

(၆) မနောက သိလိုက်တာက သဘာဝဓါတ်၊ ဓမ္မကလဲ သဘာဝဓါတ်။

ဒီလိုဟာ အမှန်အကိုင်း သိရမှာဖြစ်တယ်။ ဒီလက္ခဏာတရားတွေက တကယ်ရှိတဲ့ တရားတွေ၊ တကယ်ရှိတဲ့ တရားတွေနဲ့ ပေါင်းနေမှ မင်္ဂလာခေါ်တယ်။ တကယ်မရှိတဲ့ တရားတွေနှင့် သွားပေါင်းနေရင် အမင်္ဂလာခေါ်တယ်၊ ဒကာကြီးတို့-ဒကာမကြီးတို့။

(က) ကာယသတိပဋ္ဌာန်၊ ကာယာနုပဿနာရုပ်ပိုင်း အသုဘတရား၊ တဏှာသတ်တရား။

(ခ) ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ နာမ်ပိုင်း၊ ဒုက္ခ-သုခ ခံစားတဲ့ သဘောတရားက၊ ဒိဋ္ဌိသတ်တရား။

ဒိဋ္ဌိသတ်တရား နှင့် တဏှာသတ်တရား တွေကိုသာ ယနေ့ ပြောဟောမယ်၊ လမ်းညွှန်ပြပေးမယ်။ ဒိဋ္ဌိနှင့်တဏှာသေဘို့ ဆိုတာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာ ၃ ပါး၊ သဘာဝ သဘောတရားတွေကို အမှန်အတိုင်း သိပါမှ၊ ဒီလက္ခဏာ ၃ ပါးပေါ်မှာ စိတ်တည်နေပါမှ၊ လက္ခဏာစိတ် တစိတ်ထဲဖြစ်နေပါမှ ဒိဋ္ဌိနှင့်တဏှာသေမှာ ဒိဋ္ဌိနှင့်တဏှာသေမှ နိဗ္ဗာန်ရောက်နိုင်တယ်။ ဒါကြောင့် ဒိဋ္ဌိနှင့်တဏှာ တွဲသတ်ဘို့ လိုတယ်။

## ဒိဋ္ဌိသတ်တရား

(က) ပြောင်းလဲ-ပြောင်းလဲနေတဲ့ သဘောတရားက ရုပ်၏ ပရမတ္ထ သဘာဝလက္ခဏာဘဲ။

(ခ) နာမ်၏ အာရုံကိုညွှတ်တတ်တဲ့သဘောတရား က နာမ်၏ ပရမတ္ထ သဘာဝလက္ခဏာ ဘဲ ဤကဲ့သို့ နာမ်-ရုပ် ၂ ပါးကို ပေါင်း၍သိတာက စာလိုဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ် လို့ခေါ်တယ်။ အဲဒီဉာဏ်သာ ပေါ်လာတော့ တံခါး(၆)ပေါက်က အာရုံ(၅) အာရုံ(၆) နှင့် တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း ရုပ်ကလဲ ပြောင်းလဲ တတ်တဲ့သဘောတရား၊ နာမ်ကလဲ လိုက်ညွှတ်ပြီး ခံစားတတ်တဲ့ သဘောတရားသာ ရှိတယ်လို့ သိနေလျှင်တော့၊ အဲဒီလို ပရမတ္ထ သဘောတရား တခုပေါ်မှာ "စိတ်"တည်နေလျှင်တော့ သမာဒိဋ္ဌိ ဖြစ်နေပြီ၊ သက္ကာယဒိဋ္ဌိ ကွာပြီ၊ အပါယ်တံခါးပိတ်ပြီ။ ရုပ်နှင့်နာမ် ချုပ်နေတဲ့ စိတ်ဖြစ်နေပြီ၊ ဒါကိုရုပ်-နာမ်ချုပ်တယ်လို့ဆိုတယ်။

ပရမတ္ထရုပ် ပရမတ္ထနာမ်ပေါ် စိတ်တည်နေတာက ကာမာဝစရ

မဂ်ကုသိုလ်စိတ် ဖြစ်နေတယ်။ ပြောင်းလွဲ-ပြောင်းလွဲတယ်လို့ ရုပ်၏ ပရမတ္ထ သဘာဝလက္ခဏာ တခုတည်းကိုသာသိရှိ ရင်းသဘောတရား တခုတည်းပေါ် "စိတ်" တည်နေလျှင် ဖြစ်ပျက်ဆုံးတယ်လို့ ဆိုတယ်၊ ဝေဒနာတခုပေါ်သာလျှင် ပြောင်းလွဲတတ်တဲ့ ရုပ်သဘောမှ 'စိတ်' ကို ဝေဒနာက္ခန္ဓာကိုပြောင်း၍သိ၊ ဝေဒနာပေါ်မှာ စိတ်တည်နေလျှင်တော့ ရုပ်-နာမ်ချုပ်နေပြီ၊ ဝေဒနာပေါ် သမာဓိ ဖြစ်နေတာကဉာဏ်၊ ဉာဏ်ပေါ် ပြီးမှ ပညာဖြစ်မှာ၊ ဝေဒနာမှ နာမ်စိတ်ကိုပြောင်း၊ နာမ်စိတ်ပေါ် တည်နေတာက ကာမာဝစရမဂ်ကုသိုလ်စိတ်ဖြစ်နေပြီ။ တဖန် နာမ်စိတ်မှ "နာမ်" သည် ကောင်းတာခံစားလျှင် သုခံသာကဲ့သဘော၊ မကောင်းတာခံစားလျှင် ဒုက္ခခံစားတဲ့ သဘောသာရှိတယ်လို့ သိလိုက်တော့ ပညာစိတ်ဖြစ်နေပြီ၊ ဝေဒနာမှာတည်သွားပြီ။ ကံခါး (၆)ပေါက်ကို အာရုံ ၅)အာရုံ (၆)နှင့် တိုက်ခိုက်တိုင်း ဒုက္ခ-သုခခံစားတဲ့ သဘောကိုသာ သိနေတာ(နာမ်ပျက်)လို့ ခေါ်တယ်။ ခံစားတဲ့သဘောတခုတည်းပေါ် စိတ်တည်နေလျှင်တော့ ဒုက္ခ-သုခမရှိတော့ဘူး၊ နာမ်ချုပ်နေပြီ၊ သဘာဝလက္ခဏာရေး ၃ ပါး၊ တကယ်ရှိတဲ့ တရားတွေကို အမှန်မြင်၊ အမှန်သိနေတာက သမ္မာဒိဋ္ဌိ ဖြစ်တယ်၊ သဘာဝလက္ခဏာရေး ၃ ပါးကလွဲလို့ တကယ်မရှိတဲ့ တရားတွေကိုသာ သိနေလျှင်တော့ အမှားမြင် အမှားသိတာမို့ မိစ္ဆာဒိဋ္ဌိ ဖြစ်တယ်၊ မျက်စိနှင့်အဆင်း တိုက်ခိုက်လိုက်တော့ ဒကာမမြင်လို့ ဒကာမကိုသိလျှင် ဒိဋ္ဌိ၊ ဒကာမကို ကပ်ငြိလျှင်တဏှာ၊ အစွန်း ၂ ပါး မလွတ်၊ ထိုနည်းတူစွာ ဒကာကိုမြင်လို့ ဒကာကိုသိလျှင် ဒိဋ္ဌိ၊ ဒကာကို ကပ်ငြိလျှင် တဏှာ၊

အစုနှင့် ၂ ပါးမလွတ်ဘူး။ "သုဘ" လို့မြင်နေလျှင် အမှားမြင် အမှားသိတာမို့ မိစ္ဆာဒိဋ္ဌိ ဖြစ်တယ်၊ "အသုဘ" လို့ မြင်နေမှသာ အမှန်မြင် အမှန်သိတာမို့ သမ္မာဒိဋ္ဌိ ဖြစ်တယ်။ ဒါကြောင့်မို့ "အသုဘ"တရားကို မြင်အောင် ကြည့်ကြပါ၊

တဏှာ သတ်တရား

ကိလေသာခေါင်းပ းဘို၊ တဏှာသေဘိုဆိုတာက "ရုပ်" ကို အမှန်အတိုင်းမြင်ပါမှ ရုပ်ပေါ်ကသာ ကိလေသာဖြစ်တာ၊ မနော ဒွါရက(၁)ရက် အသုဘမှ (၁၀)ရက် အသုဘကို နှလုံးသွင်းမှန် နေပြီး၊ အသုဘ ကျ လက္ခဏာတွေကိုသ မြင်နေ၍၊ အသု ၊ လက္ခဏာ စိတ်၊ တစိတ်ထဲဖြစ်နေမသာ ပုံပျက်မှာ ပုံပျက်မှ မတုံမက် မတာ တွယ်တော့ဘူး။ စုံမက်မတာတွယ်မှ တဏှာသေမှာ သဏ္ဌာန် ဖျက်မှ ဿန ကြမှ ။

တဏှာသေဘို အသုဘတရား (၁၁)ပါးကို နှလုံးသွင်း ပွား များရမှာက (၁)ရက် အသုဘ၊ ကာယကိုယ်ကြီး ပြောင်ပြောင် ပြောင်းပြောင်း၊ နွေးနွေး ကလေးရှိသေးဘယ်။

(၂)ရက် အသုဘ၊ စေက်တောင့်တင်းလာပြီ၊ အသားလဲ ဝါ ထိုက်လ ပြီ။

(၃)ရက် အသုဘ၊ အသားဝါရာမှ နီကွက်၊ ညိုကွက် မဲကွက် တွေပေါ်လာပြီ မျက်နှာကြီးကလဲ ဖူးဖူးရောင်လ ပြီ၊ ဗိုက်ကြီး ကလဲ ဖေါင်းပွလာပြီ၊ အပုပ်နံ့ကလဲ ထွက်စပြုနေပြီ၊

(၄)ရက် အသုဘ၊ အပုပ်နံ့ တွေ တထောင်းထောင်း ထွက် လို့ ဒွါရ(၉)ပေါက်က သွေးပုပ်၊ ပြည်ပုပ်၊ အပုပ်ရေတွေ ယိုကျ လာပြီ၊ စက်ဆုတ်ဘွယ်ရှိသော အကောင်ဖြစ်လာပြီး

(၅)ရက် အသုဘ၊ ပိုးလောက်တွေ တရွရွ တဖြစ်ဖြစ်နှင့် စားနေပြီး၊ အပေါက်အပေါက် အထွင်းအထွင်းရှိ သောမနှစ်သက်ဘွယ် အကောင်ဖြစ်နေပြီ။

(၆)ရက် အသုဘ၊ မျက်စိအတွင်းသားတွေ ပြူထွက်၊ ရှာကြီးကလဲထွက်ပြီး တစောင်းကြီး ကိုက်လို့ ဝမ်းခေါင်းထဲမှာလဲ ပိုးလောက်တွေ တဖြစ်ဖြစ်နဲ့စားလို့ ရွံရှာဘွယ်အကောင် ဖြစ်နေပြီ။

(၇)ရက် အသုဘ၊ တကိုယ်လုံး ပေါင်းပွပြီး၊ မျက်နှာကလဲ စကောလောက်နီးနီးရောင်ရမ်းပြီး မကြည့်ဝန့်မနာသာအကောင် ဖြစ်နေပြီ။

(၈)ရက် အသုဘ၊ တကိုယ်လုံး ပြွမ်းပြီး ပိုးလောက်တွေ စားလှသဖြင့် သွေးအလိမ်းသိမ်းနှင့် အသားတွေ အရူတွေပဲ့ကျ ရိကျ ရော်ကျနေပြီး၊ ရစရာမရှိတဲ့အကောင်ဖြစ်နေပြီ။

(၉)ရက် အသုဘ၊ အသားတွေ၊ အရူတွေ၊ တပိုင်းတစနှင့် အရိုးစုသာဖြစ်နေပြီ။

(၁၀)ရက် အသုဘ၊ အသား၊ အသွေး၊ အကြော မကပ်သော ဖရိုဖရဲကြဲနေတဲ့ အရိုးချည်းသာ ကျန်တော့တယ်။

အဲဒီလို အသုဘလက္ခဏာ သဘာဝတရားတွေ၊ တကယ်ရှိတဲ့ တရားတွေကိုမြင်ပါမှ အမြင် စင်ကြယ်တယ်၊ အမြင်စင်ကြယ်မှ စိတ်စင်ကြယ်မှာ၊ စိတ်စင်ကြယ်မှ သမာဓိရမယ်၊ သမာဓိရမှ ပညာဖြစ်မယ်။

"အသုဘ"ဆိုတာ မတင့်တယ်ခြင်း သဘောဘဲ၊ (တင့်တယ်ပါထယ်လို့ ထင်တာက"သုဘ") အသက်ကုန်ပျောက်၊ ခန္ဓာ

ဘောက်က၊ ရောဂါမြဲအသင့်မတင့်မတယ်၊ ရှိဘွယ်(၁၀)ပါးလို့ မည်တယ်၊ အသုဘသဘောကလဲ လေးမျိုးရှိတယ်။

(၁) ပထဝီအသုဘ....အရိုးတွေလဲ ပုပ်ပွလှသဖြင့် မဲနက်လာပြီး၊ အဆစ်တွေပြုတ်ကျ ဆွေးမြည့်သွားသဖြင့် အမှုန့်တွေ ဖြစ်သွားတဲ့သဘော။

(၂) အာပေါအသုဘ... ပုပ်ပွဖူးရောင် အက်ကွဲပြီး၊ ရေမြုပ် ရေစိုင်ခဲများ ဆူပွက်ထသလို၊ ဒွါရ(၉)ပေါက်မှ သွေးပုပ် ပြည်ပုပ်၊ အပုပ်ရည်တွေယိုထွက်ကျတဲ့သဘော

(၃) တေဇောအသုဘ....မီးပန်းများ လွတ်သလို ပေါက်ပေါက် ပေါက်ပေါက်နှင့်လောင်ကျွမ်းပြီး၊ တကိုယ်လုံး မဲနက်နေတဲ့သဘော။

(၄) ဝါယောအသုဘ....ပုပ်ပွလှသဖြင့် ပိုးလောက်တွေ တဖြစ်ဖြစ်နှင့် ခန္ဓာထဲ အူ အသဲ စသည်တို့ကို စားနေသဖြင့် အူတွေ၊ အသဲတွေ၊ အကြောတွေ၊ အသားတွေ၊ အရိုးအဆင်တွေပါမကျန် ပဲ့ကျပြုတ်ကျပြတ်ကျနေတဲ့ သဘောတွေပါဘဲ။

"အသုဘ"သဘောတရားတွေကို ဒလစပ်ကြီး ဆင်ခြင်နှလုံး သွင်းနေရမှာက–

(၁) မျက်စိက မြင်တာလဲ အသုဘသဘော၊
(၂) နားက ကြားတာလဲ အသုဘသဘော၊
(၃) နှာခေါင်းက နံတာလဲ အသုဘသဘော၊
(၄) ပါးစပ်က စားတာလဲ အသုဘသဘော၊
(၅) ကိုယ်က ထိလိုက်တာလဲ အသုဘသဘော၊

(၆) မနောက သိလိုက်တာလဲ အသုဘသဘော၊
(၇) တင်းတာတောင့်တာပေါ်လဲ အသုဘသဘော၊
(၈) ယိုစီးတာ ဖွဲ့စည်းတာပေါ်လဲ အသုဘသဘော၊
(၉) ပူတာ-ဧ တာပေါ်လဲအသုဘသဘော၊
(၁၀) လှုပ်တာ ရွတာပေါ်လဲ အသုဘသဘော၊
(၁၁) ယိုဘာ ပေါက်တာပေါ်လဲ အသုဘသဘော၊
(၁၂) အိပ်တာ ထတာလဲ အသုဘသဘော၊
(၁၃) ထိုင်တာ ရပ်တာလဲ အသုဘသဘော၊
(၁၄) သွားတာ လှမ်းတာလဲ အသုဘသဘော၊
(၁၅) ဝေဒနာပေါ်လာလဲ အသုဘသဘော၊

တလောကလုံး"အသုဘ"သဘောကိုသာ မြင်နေလျှင် ဘာခါတ်ဘဲ ပေါ်ပေါ် "အသုဘ" သဘောကိုသာ သိနေ လျှင် "အသုဘ"သဘောကိုသာ ဆင်ခြင် နှလုံးသွင်း နေလျှင်တော့ တဏှာသေလိမ့်မယ်၊ အသုဘလက္ခဏာစိတ်နှင့်ယှဉ်ပြီး အသိရှိနေမယ်ဆိုလျှင်တော့ တံခါး(၆)ပေါက်ကို အသုဘ လက္ခဏာနှင့် ထိန်းသိမ်းနိုင်တဲ့အတွက်၊ လမ်းသူရဲစိတ် တွေမဝင်နိုင်တော့ဘူး။ လမ်းသူရဲဆိုတာ မိဘချွေး မနိုင်၍ လက်လျှော့ထားရသဖြင့်သွားချင်ရာသွား၊ လာချင်ရာလာ မထိန်းထားနိုင်တဲ့သဘောဘဲ။

အသုဘတရား(၁၀)ပါး၊ အသုဘသဘောတရားတွေကို ပြနေတာ ဝိပဿနာ တရားကို ပြနေတာ၊ တဏှာသေဘို့ ပြနေတာ၊ တလောကလုံး၌(၁)ရုပ်ကလဲ ပြောင်းလဲ ပြောင်းလဲ ပေါက်ပြန်နေတဲ့သဘောတရား။

(၂) နာမ်ကာလဲ့ လိုက်လိုက်ညွတ်ပြီး ခံစားနေတဲ့ သဘော တရား။

(၃) အသုဘာရုပ်ကြီးကလဲ ပြောင်းလဲ့ ပျက်စီး ယိုယွင်းပုပ်ပွ ဖွားရောင် လောက်စားနေတဲ့သဘော၊ အရိုးကျရမဲ့သဘောတရား၊ ဒီအသုဘာ လက္ခဏာ သဘောတရားတွေကိုသာ သဘောအမြင်၊ မနော်အမြင်နှင့် မြင်နေလျှင်တော့၊မိမိခန္ဓာပုံပျက်ကို မြင်လာလိမ့် မယ်၊ မိမိခန္ဓာပုံပျက်တော့မှ မစုံမက်တော့ဘူး၊ မတွယ်တာတော့ ဘူး။ မိမိခန္ဓာကိုယ်ကို ရွံရှာစက်ဆုတ်လာမယ်၊ မလိုချင်တော့ ဘူး။ မိမိခန္ဓာကိုယ်ကို မလိုချင်တော့ သူ့ဘပါးခန္ဓာကိုလဲ မလို ချင်တော့ဘူး။ ခန္ဓာပျက်ကိုတွေ့တော့မှတဏှာသေမှာ၊ တဏှာ သေမှသာ နိဗ္ဗာန်ရောက်နိုင်တယ်။ တလောကလုံး "အသုဘာ" လက္ခဏာတွေကိုသာ မြင်နေမယ် ဆိုရင်တော့ ဒီဇာဘဝယဲနှင့် နိဗ္ဗာန်ကို သွားနိုင်တယ်။

တေယ်-ပုတယ်လို့ မရှိ၊ ပညတ်ကိုရှုတာက "သမထ" ရုပ်-နာမ် အသုဘာတို့၏ ပြောင်းလဲခြင်းသဘော၊ မမြဲသောသဘော၊အပျက် သဘောတရားတွေကို ရှုတာက ဝိပဿနာ "အသုဘာ လက္ခဏာ တွေကို အမြဲတစေ သင်ခြင်နှလုံးသွင်းကြပါလို့ ရှုခိုင်းနေတာက ဒိန်း-ဒရုံ-ဒြပ် ပျက်သွား၊ ပြုတ်သွားပြီး "သုည" ဖြစ်အောင် ပြု ပေးနေတာဘဲ၊ ဒီတော့မှသာ။

(၁) မျက်စိပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်။
(၂) နားပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်။
(၃) နှာခေါင်းပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်။
(၄) ပါးစပ်ပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်။

(၃) ကိုယ်ပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်။
(၄) မနောပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်။

ဆန္ဒရာဂတွင်သာမက၊ ဒေါသ-မောဟပါ ပြုတ်တဲ့စိတ် ဖြစ်ပေါ်လာနိုင်မယ်၊ 'အသုဘ" လက္ခဏာ သဘာဝတရားတွေ ပြောဟောလျှင်၊ တချို့က မင်္ဂလာမရှိဘူးလို့ ဆိုကြတယ်။ မင်္ဂလာဆိုတာ လောကီမင်္ဂလာ၊ လောကုတ္တရာ မင်္ဂလာရယ်လို့ရှိတယ်။ လောဘမာန်တွေ၊ ဒေါသမာန်တွေ၊ မောဟမာန်တွေ၊ မာနမာန်တွေ ရှိနေသေးလို့ရှိလျှင် သရဏဂုံတည်ပါတယ်လို့ ဆိုနိုင်ပါ့မလား၊ ဒီမာန်တွေ ပြုတ်တဲ့ တရားမို့ အသုဘ တရားဟာ အင်မတန် မင်္ဂလာရှိတဲ့ တရားလို့ ဆိုရတာ ဒီမာန်တွေပြုတ်အောင် အသုဘလက္ခဏာတင်ပြီး ရှုရတာဘဲ။

ဒကာကြီးတို့-ဒကာမကြီးတို့ မိမိ ခန္ဓာ ကိုယ်ကို အသုဘ လက္ခဏာတင်ပြီး ရှုပုံရှုနည်း နှလုံးသွင်းပုံသွင်းနည်း လက်တွေ့နိသျည်း အမြင်ပြနည်းများကို ပြောပြမယ်။ ကောင်းစွာနာယူမှတ်သားကြ။ နှလုံးသွင်းတာက ပညတ်၊ လက္ခဏာ သဘောပေါ်တာက ပရမတ်၊ အသုဘလက္ခဏာ သဘောတွေ ပေါ်ဖို့ ခဲ့တာကလဲ ထက်မြက်တဲ့သဒ္ဓါစိတ်နှင့် အားထုတ်မှဖြစ်ဘာ။

## လက်တွေ့နိသျည်း အမြင်ပြနည်းများ

(၁) "အာနာပါနသတိ"ကို ယူလိုက်တဲ့အခါ၊ ကနဦးစိတ်ကလေးဟာ မိမိရှိုက်ရှူနေသောလေကို၊ ဝင်တာကလေးကိုသိ၊ ထွက်တာကလေးကိုလဲသိ၊ အသိတလုံး အမြတ်ဆုံးလို့ ဘုရားဟောတယ်၊ အသိမကောင်းကြရဘူး။ အသိအမြဲတန်းရှိနေမှသာ စိတ်

ကလေးတည်ငြိမ်မယ်။ နာမ်ကလေး အပြင်ထွက်သွားရင် ပြန်ဆွဲသွင်း "သတိ" နှင့်ထိန်းထား၊ မိမိခန္ဓာထဲမှာစိုက်ထား။

(၂) ငြိမ်သက်စွာနှင့် ကိုယ်ကို ဖြောင့်မတ်စွာထားပြီး ထိုင်ပါ၊ ရှုတာကလဲ နှုတ်လွန်းတော့ မောဟဝင်မယ်၊သမာဓိမရ၊ဇောတင်လွန်းတော့လဲ ပညာမဖြစ်၊ မဇ္ဈိမပဋိပဒါ အလယ်အလပ် မှန်မှန်ရှုပေးပါ၊ သို့သော် အရှုကနှုတ်လိုက်၊ ရပ်လိုက်၊ တင်လိုက် အရှုမမှန်မကန် မဖြစ်စေဘဲ၊ အစမှအဆုံးအထိ တသမတ်တည်း မှန်မှန်ရှုသွားပါ၊ ဣရိယာပုဒ်ကိုလဲ မပြင်ပါနဲ့။

(၃) မိမိခန္ဓာကိုယ်ကြီးကို အရှုခံထားပါ၊ မိမိခန္ဓာကိုယ် ဗိုက်တနေရာကို ကွက်၍ အာရုံ စူးစိုက်ပြီးကြည့်ပါ၊ အသဘာလက္ခဏာတင်ပြီးရှုပါ၊ ဘာကြောင့် ဗိုက်တနေရာကွက်၍ ရှုခိုင်းရသလဲဆိုတော့ သေလွန်တဲ့အခါ အူတွေက စတင်ပုပ်တယ်၊ အူတွေပုပ်တော့ ဗိုက်ကြီးကလဲ ဖေါင်းပွလာတယ်၊ ပိုးလောက်တွေကလဲ အူပုပ်ဘော့ကို တဖြစ်ဖြစ်နဲ့ စားကြတယ်၊ ဒီလို အသုဘလက္ခဏာတွေကိုသာ ရှုပါ၊ ဗိုက်ကြီးလို့လဲ မသတ်မှတ်ပါနှင့်၊ ဗိုက်တနေရာကို ကွက်၍ စတင်ရှုခိုင်းသော်လည်း အတိတ်က မိမိရှုလာခဲ့လို့ မျက်နှာကိုစတင်မြင်လျှင်လဲ မျက်နှာကိုစရှုပါ၊ ခေါင်းတို့ ခြေလက်တို့ စတင်မြင်လျှင်လဲ ခေါင်းတို့ခြေလက်တို့က စတင်၍ ရှုပါ၊ မိမိရထားတဲ့ ပရိကံမပျောက်ပါစေနဲ့။

(၄) ဤကဲ့သို့ အသုဘလက္ခဏာတွေ ရှုမှတ်ဆင်ခြင်ရာဝယ်၊ သဒ္ဓါ-ဝီရိယ-သတိဆိုတဲ့ တရား ၃ ပါးကိုတင်ပေးပါ၊ ဒါမှသာ လွန်စွာကြံ့ခိုင်၊ ယိမ်းယိုင်မရှိ၊ တည်ကြည်ခြင်း "သမာဓိ" ကို ရ

မယ်၊ **သမာဓိ**မှန်ပျောင်း ကို ရမှသာ မိမိခန္ဓာပုံပျက်ကို မြင်လာလိမ့်မယ်၊ တော်ရုံတန်ရုံ သမာဓိနှင့်လည်း မမြင်နိုင်ပါ။

(၃) ဆယ်ပေပတ်လယ်ရှိတဲ့ ကျောက်ပြားကြီးကို (၂၀) သားရှိတဲ့ တူနှင့် ထုပါများတော့ ဒီကျောက်ပြားကြီး အက်ကွဲလာလိမ့်မယ်။ အဲဒီသဘောအတိုင်းဘဲ "စိတ်" ကြောင့်ဖြစ်တဲ့ရုပ်၊ အသုဘလက္ခဏာတင်ပြီး "စိတ်တူ" နှင့် ထုထုပြီး ဖျက်ပေးပါ၊ဒါမှ ပုံပျက်မှာ၊ ပုံပျက်မှ မိမိခန္ဓာကို မစုံမက်၊ မတာတွယ်တော့ဘူး။ မိမိခန္ဓာကိုယ်ကိုမလိုချင်တော့ သူတပါးရဲ့ခန္ဓာကိုယ်ကိုလဲ မလိုချင်တော့ဘူး။

(၄) ရှေးဦးစွာ "သုဘသညာ" မှ "အသုဘသညာ" ဖြစ်အောင် စိတ်ကလေးကို ပြောင်းလိုက်ပါ။ ငါမြဲတယ်၊ ငါချောတယ်၊ ငါဝတယ်၊ ငါတင့်တယ်လှပတယ်၊ ငါ့ကိုယ်ဟာ ကြံခိုင်ဘယ်လို့ မိမိစိတ်ကို တင်းမထားနှင့်၊ မိမိစိတ်ကို လျှော့ချထားပါ။ ငါ့ကိုယ်ဟာမမြဲ၊ မတင့်တယ် မလျောက်ပတ်၊ အမာခံအနှစ်အသားမဟုတ်၊ ပျက်စီးယိုယွင်းရမဲ့သဘော၊ အနှစ်သာရကင်းမဲ့တဲ့သဘောသာရှိတယ်။ မသေခင်တော့ရုပ်၊ သေတော့ပုပ်မကောင်းတဲ့ ခန္ဓာစုတ်၊ အသုဘကောင်သာဟုတ်၊ အဗျာကတရုပ်၊ မြေကြီးသြဇာဖြစ်ရမဲ့ အလကား အထုပ်ကြီးပါကလား၊ နာမ်ခန္ဓာလေးပါး ဦးစီးနေခိုက်သာ၊ထင်ရှားရှိနေခိုက်သာ သွားခြင်း၊ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းစသည်တို့ကိုပြုလို့ရတယ်။ဒီနာမ်ခန္ဓာလေးပါးချုပ်ပျောက်သော် ပုပ်လှ အကောင် ဖူးဖူးရောင်အဖြစ်သို့ရောက်ရအံ့။ ဤကဲ့သို့ အသုဘတရားဆယ်ပါး အပြားရှိသော အဖြစ်သည် မချွတ်ဖြစ်ရတော့အံ့ ဟု ဆင်ခြင်နှလုံးသွင်းပေးပါ။

ဒီခန္ဓာအိမ်ကြီးဟာ ဘာရှိသလဲဆင်ခြင်ကြည့်၊ အမှန်ရှိတာဖြင့် အရိုးတိုင်ထူ၊ အကြောပတ်၊ အသားမြှုပ်၊ အရေထူ အရေပါး အုပ်ထားတဲ့ "အသုဘ" အကောင်ကြီးဘဲ၊ ပိုးမျိုးရှစ်ဆယ် စားသောက်နေထိုင်တဲ့ အိမ်ကြီးဘဲ၊ အနာရောဂါဟူသမျှတို့၏ တည်ရာဘဲ၊ ဒုက္ခပိတ္တူ၊ ဆင်းရဲမှု ဟူသမျှတို့၏ မှီခိုရာသာ ဖြစ်နေပါကလားလို့ နှလုံးသွင်းပါ။

(ဂ) ထို့ပြင်လဲ ပင်ကိုယ်ရင်းရှိ ပကတိအားဖြင့်သာ မပြုပြင်ဘဲ ထားလိုက်လျှင်၊ မိမိခန္ဓာကိုယ်ကြီး မည်မျှညှီဟောင်ပုပ်သိုး အနံ့ဆိုးတော့နှင့် မတင့်တယ်၊ မလျောက်ပတ်တဲ့ 'အသုဘ' အဖြစ်သို့ ရောက်နေပယ်ဆိုတာ သေသေ ချာချာ ဆင်ခြင်ကြည့်ပါ။

(ဃ) ဤကဲ့သို့ သံဝေဂစိတ်တွေဖြစ်ပြီးနောက်၊ မိမိခန္ဓာပျက်ကိုအမြန်ထင်လွယ်မြင်လွယ်အောင် အာပေါ်အသုဘနှင့်ဝါယောအသုဘသဘောတရားတွေကိုသာဦးစွာဖြို၍ ဆင်ခြင်နှလုံးသွင်းပါ ဒီခန္ဓာကြီးဟာ ပျက်ရမဲ့သဘော၊ ပုပ်ရမဲ့သဘော၊ ပွရမဲ့သဘော၊ ဖူးဖူးရောင်ရမဲ့သဘော၊ အက်ကွဲရမဲ့သဘော၊ ရိကျရော်ကျ၊ အပုပ်ရေတွေပျော်ကျ ပိုကျရမဲ့သဘော၊ သွေးပုပ် ပြည်ပုပ်တွေ ဒွါရ (၉) ပေါက်မှ ယိုစီးရမဲ့ သဘောတရားတွေသာ ရှိပါကလား၊ ပိုးလောက်တွေ ဝမ်းထဲ အူထဲ နှလုံးထဲ ခန္ဓာကိုယ်ထဲ တဖြစ်ဖြစ်နဲ့ စားနေတဲ့သဘော၊အသားတွေပဲ့ကျ၊ အူတွေပြတ်ကျ၊ အရိုးတွေအဆစ်မှ ပြုတ်ကျရမဲ့သဘောတရားတွေသာရှိပါကလားဟုရင်း၊ ငါ့ခန္ဓာကိုယ်ကြီးဟာမမြဲ၊ ဆင်းရဲစွာလှ၊ စိုးမှုရတဲ့ သဘော၊ အနှစ်သာရကင်းမဲ့ပြီး၊ လုံးလုံး အသုံးမကျတဲ့ ခန္ဓာကြီးပါက

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

လားဟု ရှုင်း၊ နှလုံးသွင်းပေးပါ၊ အဘသုလက္ခဏာတွေဟာ အမှန်ရှိတဲ့တရားတွေ၊ အမှန်ရှိတဲ့ တရားတွေကိုသာ နှလုံးသွင်းတော့ အမှန်နှလုံးသွင်းခြင်းဘဲ၊ ယောနိသောမနသိကာရဖြစ်နေပြီ။

(၁၀) မိမိခန္ဓာကိုယ်၌ အသုဘလက္ခဏာတွေကို မမြင်သေးလျှင်၊ နှာသီးဝ၌ အသိမကပ်နှင့်၊ တကိုယ်လုံးကိုဖြန့်၍ရှု၊ ထွက်လေဝင်လေကို ရှူရှိုက်နေစဉ်၊ တက်လှာတာကိုလဲသိ၊ ကျသွားတာကိုလဲသိ၊ ထိုင်နေတဲ့နေရာနှင့် တင်ပါးထိတဲ့နေရာအဆုံး၊ အဆုံးကိုရှု တွန်းတဲ့သဘောကန်တဲ့သဘော ဝါယောလက္ခဏာကိုရှုပါ၊သတိပြုနေပါ။တဖြေးဖြေးသမာဓိအားကောင်းလာပါလိမ့်မယ်၊စိတ်မလျှော့ပါနှင့်"သဲအင်းဗွဲ"တင်ပြီး၊ မမြင်မြင်အောင် ကြည့်ပါ။

(၁၁) ဒါမှမမြင်သေးဘူးဆိုလျှင်၊ စိတ်အလုပ်တခုကိုလုပ်ရမယ်။ ဘယ်လိုလဲဆိုလျှင်၊ စိတ်အာရုံဖြင့် မိမိရှေ့မှာ ခေါင်းတခုချထားပါ၊ ၎င်းခေါင်းအနီး မိမိကိုယ်ကို စန့်စန့်ကြီးသေကြည့်၊ အသုဘအကောင်ဖြစ်နေပြီလို့ စိတ်မှာ ထင်မှတ်ထားပါ၊ စိတ်ပြောင်းထားပါ။

၃ ရက်တိုင်တိုင် ဆွေမျိုး ဉာတကာတွေကိုစောင့်၊ ၃ ရက်ကျတော့ ပုပ်လှအကောင် ဖူးဖူးရောင်လာသဖြင့် အပြင်မှာမထားနိုင် ခေါင်းထဲထည့်ပြီးပိတ်၊ ၇-ရက်၊ ၈-ရက်လောက် ထားပြီး၊ စိတ်ဖြင့် ခေါင်းကိုဖွင့်၊ မိမိအလောင်းကို သွန်မှောက်ချလိုက်၊ မိမိခန္ဓာမည်းမှုပျက်စီးယိုယွင်းပုပ်ပွပြီး အပုပ်ရေတွေမျှော်ကျ၊ အသားတွေရိကျ ရော်ကျ၊ ပိုးလောက်တွေ အထွေးလိုက်အအုံလိုက်နှင့်စားနေကြတာ ယူစရာရစရာမရှိအောင် မိမိခန္ဓာကြီး ပြိုပျက်နေ၍ မကြည့်ဝန့်မနာသာ အကောင်အဖြစ်သို့ ပြောင်းလဲ ပျက်

စီးသွားတဲ့ ဝိပရိဏာမ သဘောတရားတွေကို သဘောအမြင်၊ မနောအမြင်နဲ့ စိုက်ကြည့်ပေးပါ။

မိမိကိုယ်ကို "အသုဘ"ကောင် အဖြစ် စိတ်နှင့် ပြုလုပ်တော့ နာမ်ခန္ဓာလေးပါး ခွာလိုက်၊ နာမ်နှင့်ရုပ်ခွဲလိုက်၊ ကျန်တဲ့ရုပ်ဟာ အသုဘကောင်ဘဲ၊ အသုဘကောင်အဖြစ် စိတ်မှာ ပြောင်းလိုက် လို့ ဗဟိဒ္ဓ လက္ခဏာတွေမြင်လာလျှင်၊ မိမိခန္ဓာထဲ မမိ မိအောင် ဖမ်းပြီးဆွဲသွင်းပါ။

(၁၂) အသုဘလက္ခဏာတွေ ထင်ရှားလာအောင် ဘယ်လို ရှုရမလဲဆိုတော့–

(က) ပုပ်တာရှု ပုပ်တာမြင် ပုပ်တာသိပါ။
(ခ) ပွတာရှု ပွတာမြင် ပွတာသိပါ။
(ဂ) ဖေါင်းတာရှု ဖေါင်းတာမြင် ဖေါင်းတာသိပါ။
(ဃ) အပုပ်ရေတွေယိုစီးတာရှု } အပုပ်ရေတွေယိုစီးတာမြင် } အပုပ်ရေတွေယိုစီးတာသိ
(င) လောက်တွေတဖြစ်ဖြစ်နဲ့စားနေတာရှု } လောက်တွေတဖြစ်ဖြစ်နဲ့စားနေတာမြင် } လောက်တွေတဖြစ်ဖြစ်နဲ့စားနေတာသိ

တခြားဘာမှလိုက်မသိနဲ့။ ငါ့ခန္ဓာကြီး အသုဘကြီး၊ အသုဘကြီး၊ ပုတ်တယ်၊ ပွတယ်၊ ဖေါင်းတယ်၊ အပုပ်ရေတွေယိုစီး ကျတယ်၊ ပိုးလောက်တွေဝမ်းခေါင်းထဲ တဖြစ်ဖြစ်နဲ့စားနေတယ် လို့ အညာပေးပြီးရှုပါ။ ကောဋ္ဌာကျအောင်ရှုပါ၊ စိတ်အလုပ် ပါ၊ ထိုအခါ မိမိခန္ဓာရုပ်ပျက်ကြီးကို တဒင်္ဂမြင်တဲ့ပုဂ္ဂိုလ်၊ ဝိက္ခမ္ဘန

မြင်တဲ့ပုဂ္ဂိုလ်ရှိမယ်၊ စွဲအောင် ဒလစင်ကြီး မြင်လာအောင် ဆက်လက်နှလုံးသွင်းနေပေါ့။

(၁၃) မိမိခန္ဓာကိုယ်ကြီး၌ အသုဘစိတ် အကြောင်းတရား ပေါ်တော့ အသုဘလက္ခဏာအကျိုးတရားတွေ ထင်ထင်ရှားရှား မြင်လာတော့တယ်။ အသုဘလက္ခဏာ အကျိုးတရားတွေပေါ်တော့ ဆောက်တည်ရာမရ၊ ယူစရာ ရစရာမရှိတဲ့ ရုပ်ပျက်ကြီးကို ပကာတိမျက်စိနှင့် ဖွင့်ကြည့်သလို မနောဒွါရမှ မြင်လာပြီး၊ ပစ္စုပ္ပန် ဥပါဒါန်တွေ တဒင်္ဂလွတ်တော့တယ်၊ အသုဘ ရုပ်ပေါ်မှ သစ္စာလေးချက်(ရှေ့ အပိုဒ် ၁၅ မှာကြည့်)ကိုလဲ မြင်လိုက်တယ်။ သို့ မြင်လိုက်သည်နှင့်တပြိုင်နက်၊ (ပြည်တန်တဲ့ပတ္တမြားကြီး) ရတာဘဲ။ ဒီပတ္တမြားကြီး မပျောက်မပျက်ရအောင် ထိန်းသိမ်းကြ၊ ဒီပတ္တမြားကြီး အရောင်ထွက်သည်ထက် ထွက်အောင် နေ့ရော ညဥ့်ပါ ပွတ်တိုက်ပေးကြ၊ ဒီပတ္တမြားကြီးဟာ အင်မတန် အဘိုးတန်တယ်၊ ကိလေသာခမ်းခြောက်တဲ့တရား၊ တဏှာသေတဲ့ တရား နိဗ္ဗာန်ဝင်မဲ့တရားကြီး၊ ပေါ့သေးသေးမဟုတ်ဘူး။ ဒီပတ္တမြားကြီး အရောင်ထွက်သည်ထက် ထွက်လာအောင် ရှုမှတ် ဆင်ခြင်နေရင် မိမိခန္ဓာကိုယ်ကြီးကို စက်ဆုတ်လာမယ်၊ ရွံမုန်းလာမယ်၊ လွတ်လိုကဲ့စိတ်တွေ တဖွားဖွားပေါ်လာမယ်။ ဆက်လက်၍ အားထုတ်သွားပါ။

အသုဘလက္ခဏာစိတ် တစိတ်ထဲဖြစ်နေပြီဆိုလျှင် ကိလေသာခမ်းခြောက်တယ်၊ တဏှာသေတယ်။

## (၁၄) မိမိခန္ဓာကိုယ်ကိုရှုမှတ်ဆင်ခြင်နေရမယ်

(က) ဝေဒနာ တခုပေါ်လာလျှင် ခံစားမှုသဘော နာမ်လက္ခဏာကိုရှု။

(ခ) အဆင်းတွေပေါ်လာလျှင် ပြောင်းလဲနေတဲ့ ရုပ်သဘော ရုပ်လက္ခဏာကိုရှု။

(ဂ) ဘုရားတွေ၊ ရဟန္တာတွေ၊ နတ်တွေ၊ ဗြဟ္မာကြီးတွေ၊ ဘုန်းကြီးတွေ၊ မယ်သီလတွေ၊ ဒကာမတွေ၊ ဒကာတွေ ဘာဘဲမြင်မြင်၊ ဘာဓါတ်ဘဲပေါ်ပေါ် ပျက်ရမဲ့တရား၊ ပုပ်ရမဲ့တရား ပွရမဲ့တရား၊ ဖေါင်းရမဲ့တရား၊ လောက်စားရမဲ့တရား စသဖြင့် "အသုဘ"သဘောကိုသာသိ၊ အသုဘ လက္ခဏာတွေကိုသာရှု၊ ထူးသဘောနှင့်သူ ပေါ်လာကာဘဲလို့ သိရှိသိ၊ "အသုဘ"သဘောကို နှလုံးသွင်း၊ လိုက်ပြီးတော့မမှတ်နှင့်၊ မှတ်နေလျှင်ပညတ်ဖြစ်နေမယ်။

## (၁၅) အသုဘရုပ်ပေါ်မှ သစ္စာလေးပါးခွဲပုံ

ငါ့လက်၊ ငါ့ခြေ၊ ငါ့ကိုယ်၊ ငါ့ခေါင်း၊ မိန်းမဘဲ၊ ယောကျ်ားဘဲစသဖြင့် စွဲလမ်းနေတဲ့ "သုဘ" တရားကိုယ်တွေကို ပယ်လိုက်တာက သမုဒယသစ္စာ ကို ပယ်တာ၊ "အသုဘ" တရားကိုယ်တွေကျနေတာ ရုပ်-နာမ် ဒုက္ခသစ္စာ ကိုပိုင်းခြား၍သိတာ၊ အသုဘတရားအသုဘလက္ခဏာတွေကိုမိမိခန္ဓာမှာထင်ပြီးပွားများနေတာက မဂ္ဂသစ္စာ၊ အသုဘတရားပွားများလို့ တဏှာချုပ်သွားတာက နိရောဓသစ္စာ၊ ဒါဟာ အသုဘတရားဖြင့် သစ္စာလေးပါး ခွဲပြချက်ဘဲ။

(၁၆) အသုဘာလက္ခဏာတင်ပြီး မိမိခန္ဓာကို ရှုမှတ်နေခိုက်၊ နှလုံးသွင်းနေခိုက်၊ ဝေဒနာတခုပေါ်လာလျှင် ဝေဒနာ သဘော ကိုသာ လိုက် ကြည့်။ နာတယ်၊ တင်းတယ်၊ တောင့်တယ်စသည် ဖြင့် သွားမသိနှင့်၊ နှလုံးသွင်းလိုက်ရမှာက တင်းတာပေါ် တင်း တာပျက်၊မတင်းတာပေါ်၊မတင်းတာပေါ်ရာမှတောင့်တာပေါ် တောင့်တာပျက်၊ မတောင့်တာပေါ်၊ မတောင့်တာပေါ်ရာမှ ထုံတာပေါ် ထုံတာပျက်၊မထုံတာပေါ်မထုံတာပေါ်ရာမှကျင် တာပေါ် ကျင်တာပျက်၊ မကျင်တာပေါ်၊ မကျင်တာပေါ်ရာမှ အောင့်တာပေါ် အောင့် တာပျက်၊ မအောင့်တာပေါ်၊ မ အောင့်တာပေါ်ရာမှ ကိုက်တာပေါ် ကိုက်တာပျက်၊မကိုက်တာ ပေါ်စသဖြင့် ပြောင်းလဲ ပြောင်းလဲနေတဲ့ဝေဒနာသဘောတရား တွေဟာ "အသုဘ" သဘောတရားတွေပါဘဲကလားဟု ဆင်ခြင် လိုက် "အသုဘ" ရုပ်ကြီး၏ အဆင်းတွေဟာလဲ ဝါရာမှနီကွက်၊ နီကွက်မှညိုကွက်၊ ညိုကွက်မှမဲကွက်စသည်ဖြင့် ပြောင်းလဲပျက်စီး နေတဲ့သဘောသာ ရှိပါကလားဟုရှုပါ။

## (၁၇) နာမ်ပေါ်မှသစ္စာလေးပါးခွဲပုံ

မဟာဘုတ်ဓါတ်ကြီးလေးပါးပေါ်မှ ဝေဒနာတခုပေါ်လာ လျှင် နာတယ်၊ တင်းတယ်၊ တောင့်တယ်၊ ထုံတယ်စသော တရား တွေဟာ တကယ်မရှိတဲ့ တရားတွေပါကလား သညာလိမ်နေလို့ ထင်နေရပါကလား၊ ဝေဒနာဆိုတာ ဝေဒနက္ခန္ဓာ ပါကလား၊ ဝေဒနက္ခန္ဓာဟာ နာမ်ပါလား စသဖြင့် ဆင်ခြင်ပွားများနေတာခု တာ မဂ္ဂသစ္စာ။

ပစ္စုပ္ပန်ခန္ဓာထဲက နာတယ်၊ တင်းတယ်၊ တောင့်တယ်၊ ထုံတယ် စသဖြင့် ပေါ်လာတာကို သိနေတာ အမှန်တကယ် မရှိတဲ့ တရားတွေမို့ ပယ်လိုက်တာက သမုဒယသစ္စာ။

ပစ္စုပ္ပန်ခန္ဓာထဲက နာတယ်၊ တင်းတယ်၊ တောင့်တယ်၊ တုံတယ် စသဖြင့် ပေါ်လာတာက ဝေဒနာတွေဘဲ။ ဒီဝေဒနာတွေဟာလဲ ရုပ်-နာမ်ရှိလို့ ပေါ်တာဘဲဟု ပိုင်းခြား သိလာတာက ဒုက္ခသစ္စာ။ ဝေဒနာကို "ဝေဒနက္ခန္ဓာ" ဘဲဟု စိတ်ပြောင်းပြီး ရှုထိုက်တော့ ပညာဖြစ်သွားတယ်။ ဝေဒနက္ခန္ဓာသည် "နာမ်" ဟု ဘုရားရှင်ဟောတယ်။ နာမ်တခုတည်းပေါ် စိတ်ကလေး ထည့်သွားတော့ ဒိဋ္ဌိကိလေသာတွေ မဖြစ်တော့ဘူး။ နိရောဓသစ္စာ သို့ဆိုက်သွားတော့တယ်။

ဒါဟာ နာမ်ပေါ်မှ သစ္စာလေးပါး ခွဲပြချက်ဘဲ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြား တော်မူ သော မင်္ဂလာတရားတော်၌၊ အသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။ သူမိုက်တို့ကို အကြင်မမှီဝဲ မပေါင်းပေါ် မဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပညာရှိသော သူတော်ကောင်းတို့နှင့်သာ အကြင်မှီဝဲ ပေါင်းပေါ် ဆည်းကပ် ရခြင်းသည်လည်းကောင်း၊ မြတ်သောမင်္ဂလာတည်း၍ မှတ်ယူလေလော့ဟု ဟောကြားတော်မူရာ၌ "သဲအင်း" ကတော့ မပေါင်းပေါ် အပ်တဲ့ လူမိုက်ကြီးလေးဦးဆိုတာ လောဘလူမိုက်၊ဒေါသလူမိုက်၊မောဟလူမိုက်။ မာနလူမိုက်တွေကို ဆိုလိုတာဘဲ။ ပညာရှိသောသူနှင့် ပေါင်းပေါ်ရမယ်ဆိုတာ ဘယ်ပညာရှိတွေပါလဲ၊ "သဲအင်း"က ပေါင်းပေါ်အပ်တဲ့ပညာရှိလို့ သိထားတာတော့—

(၁) ဓါတ်လက္ခဏာ၊
(၂) ရုပ်လက္ခဏာ၊
(၃) နာမ်လက္ခဏာ၊
(၄) အသုဘလက္ခဏာ

အစရှိသော လက္ခဏာ သဘာဝ တရားတွေကိုသိတဲ့ ပုဂ္ဂိုလ်တွေကို ဆိုလိုတယ်။ ထိုပုဂ္ဂိုလ်များဟာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် တို့ကို မျက်မှောက်ပြုနေကြတဲ့ ပုဂ္ဂိုလ်တွေပါဘဲ။

ဒကာကြီးတို့-ဒကာမကြီးတို့၊ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ တပါးပါးကိုသာ ဒလစပ်ကြီး မြင်နေရင်တော့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ပညာဝိသုဒ္ဓိ ဖြစ်မယ်။ အမှန်မြင်မှစိတ်စင်ကြယ်မယ်၊ စိတ်စင်ကြယ်မှ သမာဓိရမယ်၊ သမာဓိရမှ ပညာဖြစ်မယ်။ လက်က"ပုတီး"ကြီးကိုင်ပြီး၊ ဂျောက်-ဂျောက်နဲ့ စိတ်နေမှုမဟုတ်ပါဘူး။ မိမိ"စိတ်" က ခန္ဓာမှာ အသုဘလက္ခဏာတွေကို စိတ်နေ၊ ရှုမှတ် ဆင်ခြင် နေမယ်ဆိုရင် မမြဲတဲ့သဘော အနိစ္စ၊ ဆင်းရဲရတဲ့သဘော ဒုက္ခ၊တပြောင်းလဲ့တည်း ဖြောင်းလဲ့ ဖေါက်ပြန်နေတဲ့ သဘော ဝိပရိဏာမ တရားတွေကို အမှန်အတိုင်း တွေ့မြင်လာပါလိမ့်မယ်။ "အသုဘ လက္ခဏာ"ဟာ အဆုံးလက္ခဏာဘဲ။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဆင့်ဆင့်သို့တိုင် အကျိုးပေးမဲ့တရားဘဲ။

(က) သုဘလို့ထင် ရုပ်-နာမ်မမြင်၊ မမြင်တော့လိုချင်၊ လိုချင်တော့ ပြုလုပ်၊ ပြုလုပ်တော့ တဏှာ လက်သမားက ခန္ဓာအိမ်အသစ်ဆောက်ပေးလို့ ခန္ဓာအိမ် အသစ်ရ၊ ခန္ဓာအိမ်အသစ်ရတော့ ဒုက္ခအစစ်ပြန်ရတာပေါ့။

(ခ) ခန္ဓာသုညာန် ကိုမြင်မှ ရုပ်-နာမ်ကိုမြင်၊ ရုပ်-နာမ် ကိုမြင်မှ သဘောလက္ခဏာတွေထင်၊ သဘောလက္ခဏာတွေ ထင် တော့မလိုချင်၊ မလိုချင်တော့မပြုလုပ်၊ မပြုလုပ်တော့ ခန္ဓာသစ် မဖြစ်၊ ခန္ဓာသစ်မဖြစ်တော့ နိဗ္ဗာန်ရောက်သော့ ဆိုက်နေပြီပေါ့။

အသုဘလက္ခဏာတွေဟာ တစာယ်ရှိတဲ့တရားတွေဘဲ၊ ကိလေ သာခမ်းခြောက်တဲ့တရား၊ တဏှာသေတဲ့ တရားပါဘဲ။ အလွန် တရာကြည်လင်တောက်ပတဲ့ "ရုပ်ထူး-နာမ်ထူး"တွေဖြစ်ပေါ်တဲ့ အသင်္ခတဓါတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်စံနိုင်တဲ့တရားတွေဘဲ။ ကောင်းစွာနှလုံးသွင်းပေးကြ၊ 'သဲအင်းဒွဲ'နှင့် မရမနေအားထုတ် ကြ။ တကယ်လုပ်လျှင် တကယ်ရပါတယ်။ အပြောသမားမဖြစ် စေနဲ့ အလုပ်သမားဖြစ်ပါစေ၊ ဒကာကြီးတို့-ဒကာမကြီးတို့ကို "ဒုံးပျံ"နှင့် ပို့ပေးနေတာ"ဒုံးပျံ"စီးပြီး လိုက်ကြပေတော့။

ဒကာကြီးတို့-ဒကာမကြီးတို့ကို အသိပေးပါတယ်။ လာတုံး ကတော့ တယောက်ထဲပါဘဲ။ သို့သော် သေပြီးနောက် ပြန်တဲ့ အခါ အဖေါ်နှင့်ပြန်ကြ။ အဖေါ်ဆိုတာကတော့=

(က) သောတပတ္တိမဂ်။
(ခ) သကဒါဂါမိမဂ်။
(ဂ) အနာဂါမိမဂ်။
(ဃ) အရဟတ္တမဂ်

ဒီအဖေါ်လေးပါးအနက်၊ တပါးပါးနှင့်အဖေါ်ပြုပြီး ပြန် ကြ။ ဒါမှသာ လုံခြုံမှုရှိမယ်၊ စိတ်ချရမယ်။

ယခု လာရောက်ကြတဲ့ ဒကာကြီးတွေ-ဒကာမကြီး တွေကို သမာဒိဋ္ဌိတရား၊ မိစ္ဆာဒိဋ္ဌိတရား၊ ဒိဋ္ဌိသတ်တရား၊ တဏှာသတ်

တရား၊ ဓါတ်လက္ခဏာ၊ ရုပ်လက္ခဏာ နာမ်လက္ခဏာ၊ အသုဘ လက္ခဏာ စသော သဘာဝလက္ခဏာ သဘောတရားများ၊ သစ္စာ တရား၊ သတိပဋ္ဌာန်တရား အစရှိသော အဘိဓမ္မာ တရားတော် များ ဟောကြားဆုံးမ ဩဝါဒပေးရသော အာနိသင်ကြောင့် ဒကာကြီးတွေ-ဒကာမကြီးတွေ သမထ၊ ဝိပဿနာ တရားများ ကျင့်ကြံအားထုတ်နိုင်ကြပြီးလျှင်—

(က) သောတာပန်အသိ၊ သောတာပန်အမြင်၊ သောတာ ပန်သစ္စာ။

(ခ) သကဒါဂါမ်အသိ၊ သကဒါဂါမ်အမြင်၊သကဒါဂါမ် သစ္စာ။

(ဂ) အနာဂါမ်အသိ။ အနာဂါမ်အမြင်၊အနာဂါမ်သစ္စာ။

(ဃ) ရဟန္တာအသိ၊ ရဟန္တာအမြင်။ ရဟန္တာသစ္စာ။

အစရှိသော တရားတို့ကို ပိုင်ပိုင်နိုင်နိုင်ကြီး သိကြ။ မြင်ကြ၊ ရကြပြီး။ ယခု ဘဝတည်း၌ပင် နိဗ္ဗာန်ကို ဝင်စံနိုင်သည့်ကိုယ် ဖြစ်ကြပါစေကုန်တော့သတည်း။

သာဓု......သာဓု........သာဓု။

# နောက်ဆက်တွဲ

## ဓမ္မလက်ဆောင်

(အင်္ဂုတ္တိုရ်၊ ဒသနိပါတ်၊ ဒုတိယပဏ္ဏာသက၊ (၁) သစိတ္တဝဂ်၊ ဗုဒ္ဓမသုတ် ပါဠိတော်မှ ကောက်နုတ်ချက်)

**မိမိစိတ်၏ စင်ကြယ်မှုရှိ-မရှိကို မိမိကိုယ်တိုင် စိစစ်ကြည့်ရန် ဟောကြားတော်မူသော တရားတော် မြန်မာဘာသာပြန်။**

(၁)(က) ငါသည်၊ အဘိဇ္ဈာလုံ များသော အဘိဇ္ဈာတရား ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အဘိဇ္ဈာလုံ များသော အဘိဇ္ဈာတရား မရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၂)(က) ငါသည်၊ ဗျာပန္နစိတ္တ၊ ဒေါသဖြင့် ဖေါက်ပြန်သောစိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အဗျာပန္နစိတ္တ၊ ဒေါသဖြင့် ဖေါက်ပြန်ခြင်းသို့ မရောက်သော စိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၃)(က) ငါသည်၊ ထိနမိဒ္ဓပရိယုဋ္ဌိတ၊ ထိနမိဒ္ဓသည် နှိပ်စက်အပ်သော စိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ ဝိဂတထိနမိဒ္ဓ၊ ကင်းသော ထိနမိဒ္ဓ ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၄)(က) ငါသည်၊ ဉဒ္ဓတ၊ ပြန့်လွင့်ပြီးသော စိတ်ရှိသည် ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အနုဒ္ဓတ၊ မပြန့်လွင့်သော စိတ်ရှိသည် ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၅)(က) ငါသည်၊ ဝိစိကိစ္ဆာ၊ ယုံမှားခြင်း ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ တိဏ္ဏဝိစိကိစ္ဆာ၊ ကူးမြောက် ပြီးသော ယုံမှားခြင်းရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေ သလော။

(၆)(က) ငါသည်၊ ကောဓနေ၊ အမျက်ထွက်ခြင်း ရှိသည် ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အက္ကောဓနေ၊ အမျက်ထွက်ခြင်းမရှိသည် ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၇)(က) ငါသည်၊ သံကိလိဋ္ဌစိတ္တ၊ ညစ်ညူးသောစိတ် ရှိ သည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အသံကိလိဋ္ဌစိတ္တ၊ မညစ်ညူးသောစိတ် ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၈)(က) ငါသည်၊ သာရဒ္ဓကာယ၊ ပူပန်သောကိုယ်ရှိသည် ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အသာရဒ္ဓကာယ၊ မပူပန်သော ကိုယ်ရှိ သည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(၉)(က) ငါသည်၊ ကုသိတ၊ ပျင်းရိသောစိတ် ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ အာရဒ္ဓဝိရိယ၊ အားထုတ်အပ်သော ဝိရိယ ရှိသည်ဖြစ်၍ အကြိမ် များစွာ နေလေသလော။

(၁၀)(က) ငါသည်၊ အသမာဟိတ၊ မတည်ကြည်သောစိတ် ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

(ခ) ငါသည်၊ သမာဟိတ၊ တည်ကြည်သောစိတ် ရှိသည်ဖြစ်၍ အကြိမ်များစွာ နေလေသလော။

ဟူ၍ ဆင်ခြင်ခြင်းသည် ရဟန်းအား အပြစ် မရှိကုန်သော ကုသိုလ်တရားတို့၌ များစွာကျေးဇူးရှိသည်ဖြစ်၏။

(အို- ချစ်သားရဟန်းတို့-)

ရဟန်းသည် ဤသို့ ဆင်ခြင်သည်ရှိသော်

(၁) ငါသည်၊ အဘိဇ္ဈာတရားရှိသည်ဖြစ်၍ အကြိမ်များစွာ နေခဲ့မိ၏။

(၂) ငါသည်၊ ဒေါသဖြင့် ဖေါက်ပြန်သော စိတ်ရှိသည်ဖြစ်ခဲ့၍ အကြိမ်များစွာ နေခဲ့မိ၏။

(၃) ငါသည်၊ ထိန မိဒ္ဓ တရားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အကြိမ်များစွာနေခဲ့မိ၏။

(၄) ငါသည်၊ ဥဒ္ဓတ ပြန့်လွင့်သော စိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာ နေခဲ့မိ၏။

(၅) ငါသည်၊ ဝိစိကိစ္ဆာ ယုံမှားခြင်းရှိသည်ဖြစ်၍ အကြိမ်များစွာနေခဲ့မိ၏။

(၆) ငါသည်၊ ကောဓ အမျက်ထွက်ခြင်း ရှိသည်ဖြစ်၍ အကြိမ်များစွာနေခဲ့မိ၏၊

(၇) ငါသည်၊ သံကိလိဋ္ဌ၊ ညစ်ညူးသော စိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာ နေခဲ့မိ၏။

(၈) ငါသည်၊ သာရဒ္ဓကာယ၊ ပူပန်သော ကိုယ်ရှိသည်ဖြစ်၍ အကြိမ်များစွာနေခဲ့မိ၏။

(၉) ငါသည်၊ ကုသိဘ၊ ဖျင်းရိသော စိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာနေခဲ့မိ၏။

(၁၀) ငါသည်၊ အသမာဟိတ၊ မတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ အကြိမ်များစွာ နေခဲ့မိ၏။

ဤသို့ အကယ်၍ သိသည်ဖြစ်အံ့ (အို-ချစ်သား ရဟန်းတို့) ထိုရဟန်းသည်၊ ဆိုးညစ် ယုတ်မာကုန်သော၊ အကုသိုလ်ဖြစ်ကုန်သော၊ ထိုတရားတို့ကို ပယ်ဖျောက်ခြင်းငှာ—

(၁) လွန်သောကုသိုလ်ဆန္ဒကိုရင်း၊
(၂) လုံ့လပြုခြင်းကိုရင်း၊
(၃) အားထုတ်ခြင်းကိုရင်း၊
(၄) လွန်စွာအားထုတ်ခြင်းကိုရင်း၊
(၅) မဆုတ်မနစ်ခြင်းကိုရင်း၊
(၆) အောက်မေ့ခြင်းသတိတရားကိုရင်း၊
(၇) ဆင်ခြင်ခြင်း သမ္ပဇညတရားကိုရင်း ပြုအပ်၏၊ ပြုထိုက်၏၊ ပြုသင့်၏။ (အို-ချစ်သား ရဟန်းတို့)။

ဥပမာ—မည်သည်ကား၊ မီးလောင်သော ပုဆိုးရှိသော သူသည်ရင်း၊ မီးလောင်သော ဦးခေါင်းရှိသောသူသည်ရင်း၊ ထိုမီးလောင်သော ပုဆိုးကိုရင်း၊ မီးလောင်သော ဦးခေါင်းကိုရင်း မီးငြိမ်းစေခြင်းငှာ—

(၁) လွန်ကဲသောဆန္ဒကိုင်း၊
(၂) လုံ့လပြုခြင်းကိုင်း၊
(၃) အားထုတ်ခြင်းကိုင်း၊
(၄) လွန်စွာအားထုတ်ခြင်းကိုင်း၊
(၅) မဆုတ်မနစ်ခြင်းကိုင်း၊
(၆) အောက်မေ့ခြင်းသတိတရားကိုင်း၊
(၇) ဆင်ခြင်ခြင်း သမ္မဇညတရားကိုင်း၊ ပြုရာသကဲ့သို့ (အို–ချစ်သား ရဟန်းတို့) ဤနည်းအတူသာလျှင် ရဟန်းသည် ဆိုးညစ်ယုတ်မာကုန်သော၊ အကုသိုလ် ဖြစ်ကုန်သော ထိုတရားတို့ကို ပယ်ဖျောက်ခြင်းငှာ၊ လွန်လွန်ကဲကဲသောဆန္ဒတရား၊ဝီရိယတရား၊ သတိတရား သမ္မဇညတရား တို့ကို ပြုအပ်၏၊ ပြုထိုက်၏၊ ပြုသင့်၏ စသည်ဖြင့်မဟာဂရုဏာတော်ရှင်သဗ္ဗညုမြတ်စွာဘုရားသခင်သည်၊ တရံရောအခါ၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ရဟန်းများအား(အို–ချစ်သား ရဟန်းတို့) ဟု မိန့်ခေါ်တော်မူ၍ ဟောကြားတော် မူလေသတည်း။

....၀....

# နိဂုံး အာသီသ

(၁) ကျွန်ုပ်ကိုယ်တိုင်၊ အဓိဋ္ဌာန်စခန်းသို့ ဝင်၍ နံနက်-ညဦး ဘိုင်း ဆရာတော်ဘုရားကြီးက “ဒုံးပျံ”နှင့် ကယ်တင်ပို့ဆောင်နေသော အသုဘကမ္မဋ္ဌာန်းတရားကို စီးဖြန်းနေရာ ရရှိသော အချိန်ပိုင်းအနည်းငယ်အတွင်း၌၊ ၁၃၃၁-ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်မှ စတင်၍ ပြတ်တောင်း-ပြတ်တောင်းနှင့် ရေးသားလာရာ၊ ဤသည့် (ပြည်တန်တဲ့ပတ္တမြားရလိုသလား)တရားစာစောင်မှာ ၁၃၃၁-ခု၊ သီတင်းကျွတ်လပြည့်၊ တနင်္ဂနွေနေ့၌ ကလောင်သိမ်းရပ် ပြီးငြိမ်းလတ်သတည်း။

(၂) ဤ(ပြည်တန်တဲ့ပတ္တမြားရလိုသလား)တရားစာစောင်ကို စီစဉ်ရေးသားရသည့် ကောင်းမှုကံ စိတ်စေတနာအကျိုးကြောင့် ဖတ်ရှုကြသူ သံသရာဝဋ်ဘေး လွတ်လိုရေးနှင့်မြော်တွေးကြောက်ပြောင်း သူတော်ကောင်း အပေါင်းတို့သည်၊ စိတ်ကြံသလောက် အဓိဋ္ဌာန်ပေါက်ကြပါစေ၊ ကျင့်ကြံသလောက် နိဗ္ဗာန်မျက်မှောက် မဂ်-ဖိုလ်ရောက်အောင် ထွက်မြောက်နိုင်ကြပါစေသတည်း။

(၃) ကျွန်ုပ်သည်လည်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားက ‘ဒုံးပျံ”နှင့် ကယ်တင် ပို့ပေး နေသည့် အားလျော်စွာ-ယခု

ထဘာဝဟာည်းနှင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် နိဗ္ဗာန်သော ခေါင် ဘေးမဲ့သောင်သို့ မရှောင်မလွှဲ လျှင်မြန် ထုတ်ခြောက် ဆိုက်ရောက်နိုင်သည့်ကိုယ် ဖြစ်ပါစေသတည်း။


သဲအင်း—ဦးကဝိဓဇ၊
(ယခင်-ဦးနန်းညွန့်)
ဇုဒ္ဓသာသနာ့-အကျိုးတော်ဆောင်
ဓမ္မပါလကျောင်း
သဲအင်းဂူကျောင်းတိုက်
မှော်ဘီမြို့၊
မှော်ဘီစာတိုက်။

# ဓမ္မဒါနပြုလိုသူများသိရှိရန်

ဓမ္မဒါနပြုလိုသူ လုပ်သားပြည်သူလူထု အပေါင်း လွယ်လင့်တကူ ရရှိ ဓမ္မဒါနပြုနိုင်ရန်၊ "နဝဒေးစာပုံနှိပ်တိုက်က" အမြတ်အစွန်းကို မှခါနမထားဘဲ၊ သဲအင်း-သာသနာ ပြန့်ပွားရေးကိုသာ အဓိကထား၍ အဆင်သင့်ပုံနှိပ်ထားပါသည်။အလိုရှိသူများအောက်ပါဌာနတွင် စုံစမ်းပါ။

နဝဒေးပုံနှိပ်တိုက်
အမှတ်(၁၃)၊ နတ်စင်လမ်း၊
ကျောက်မြောင်းရပ်၊
တာမွေစာတိုက်၊
ရန်ကုန်မြို့။
ဖုံး=(၅၁၂၀၆) တွင် စုံစမ်းနိုင်ပါသည်။

“ ပြည်တန်တဲ့ ပတ္တမြားရလိုသလား ”

စာမူကိုလှူဒါန်းခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးရှိ လုပ်သားပြည်သူလူထု တရပ်လုံးအား “ပြည်တန်တဲ့ပတ္တမြား ရလိုသလား” တရားစာ စောင်၏ စာမူကို သုံးလီသောစေတနာ ပြဋ္ဌာန်း၍ ရှင်လင်း နှစ်သက်စွာ လှူဒါန်းလိုက်ပါ၏။

မည်သည့်မြို့ရွာဒေသ၌မဆို၊ မည်သည့်ပုံနှိပ်တိုက်ကမဆို၊ မည် သည့်အသင်းအဖွဲ့ကမဆို လုပ်သားပြည်သူ မည်သူမဆို အလိုရှိပါ က၊ တဆင့်ပုံနှိပ်၍ ဓမ္မဒါနပြုနိုင်ပါသည်။

သဲအင်းသာသနာ မေနဝါလဝန်း မှောင်မစွန်းဘဲ တက်ထွန်း သည့်တွင် ပတ်ဝန်းကျင်၌ စည်ပင်စေရန် စိတ်ရည်သန်၍ ဤသည့် စာမွန်ကျမ်းစာ ဖြန့်ဖြူးကြပါဟု တိုက်တွန်း လိုက်ပါသတည်း။

သဲအင်း-ဦးကဝိဓဇ

အထွေထွေ ပုံနှိပ်လုပ်ငန်းများနှင့်

စာအုပ်စာတန်းများကို

စိတ်တိုင်းကျ ပြုလုပ်ပေးနေသော

## နဝဒေးစာပုံနှိပ်တိုက်

နှင့် ဆက်သွယ်ပါ။

(တာမွေ စာတိုက်) ရန်ကုန်မြို့။

သို့မဟုတ်-

ဖုံး-နံပါတ်-၅၁၂၇၉ ကို လှည့်ပါ-

## နိဗ္ဗာန်ကို ရည်မှန်း၍ ဓမ္မဒါနပြုသူ

## သဒ္ဓါကြည်လင် ပါရမီရှင်များ

သီလရှင်ဒေါ် မေဓာသီဂံ (ယခင် သဲအင်း–တရားယောဂီ သဲအင်းတိုက်၊ ဓမ္မဝိဟာရ၊ ဓမ္မပါလကျောင်းများ၏ ဒါယိကာမကြီး ဒေါ်မြသစ်) နှင့် ပါရမီရှင် မိသားတစု ဖြစ်သော သားကပ္ပတိန် ဦးဇော်ဝင်း၊ သမီးမခင်ခင်ဝင်းနှင့် မြေးစန္ဒာဝင်း၊ ကျော်စွာဝင်း၊ မြမြဝင်း တို့၏နိဗ္ဗာနသုခ ဓမ္မဒါနကောင်းမှုဖြစ်ပါသည်။

နတ်–လူ–ဗြဟ်မာ–ဝမ်းမြောက်နှုမော်

'သာဓု'ခေါ်နိုင်ကြပါစေသော်။